ပထမအကြိမ်ထုတ်ဝေခြင်းအတွက်အမှာစာ
(သို့မဟုတ်)
အင်္ဂလိပ်စာလေ့လာသူများအတွက် စကားလက်ဆောင်

(၁)

အိဒီယံတူသည်

အင်္ဂလိပ်စာနှင့်မကင်းသူတို့သည် အိဒီယံ (Idiom) တူသော စကားကို များသောအားဖြင့် ကြားရုံးနေကြသည်. မှန်သော်လည်း ယင်းအိဒီယံဆိုတာက ဘာလဲ၊ ဘယ်လိုအသုံးအနှုန်းမျိုးလဲ၊ သာမန်အသုံးအနှုန်းနှင့် ဘာတွေခြားနား တာလဲ၊ အဓိပ္ပါယ်အတိအကျက ဘာလဲ စသည်ဖြင့် တစ်ခြားတစ်ယောက်က မေးမြန်းခဲ့ဂုလာသော် တုတ်တိပတ်တိ ဖြေနိုင်သူ အတော်ပင် နည်းပါးမည် ထင်ပါသည်။

ဒေါက်တာဘာတန်၏တက္ကသိုလ် အင်္ဂလိပ်-မြန်မာ အဘိဓါန်က အိဒီယံကို ''စကားအထူးအသုံးအနှုန်း'' ''အသုံးအနှုန်းထူးသည့် ဝေါဟာရ စကား''တဏ္ဍာ အဓိပ္ပါယ်ပွင့်ပါသည်။ ဤအနက်ဖွင့်ဆိုချက်အရ အခြားအခြားသော စကားများနှင့်မတူသော တစ်မူထူးခြားသော အသုံးအနှုန်းဟုခြေကြေး ထင်ရှားပါသည်။ သို့သော် အမေရိကန်တစ်ယောက်အနေဖြင့် ဘယ်လို ထူးခြားတာလဲဆိုသည့် အချက်ကို ဤမျှထက် သာလွန်သဘောပေါက်နိုင်ရန် မလွယ်ကူလှပါ။

Oxford Advanced Learner's Dictionary of Current English က အိဒီယံ၏ အဓိပ္ပါယ်ကို .....

Phrase or sentence whose meaning is not obvious through knowledge of the individual meanings of the constituent words but must be learnt as a whole, e.g. give way, in order to, ... တဲ့ ဖွင့်ဆိုထားပါသည်။

လမ်းများ အဘိဓါန်ဖွင့်ဆိုချက်ကို မြန်မာမြန်လိုက်လျှင် ...

ပေါင်းစပ်ပါဝင် ဖွဲ့စည်းထားသော စကားလုံးတစ်လုံးစီ၏အနက်တို့ကို သိနားလည်ရုံမျှဖြင့် အဓိပ္ပါယ် ရှင်းရှင်းလင်းလင်း ကောက်ယူ၍ မရနိုင်သည့် တစ်ရပ်လုံးကို အလွတ်ကျက်ထားရန် လိုအပ်သော ဗျေရှင်စကားစု သို့မဟုတ် ဝါကျ။ ဥပမာ give way, in order to ... တဲ့ ရပါသည်။

လမ်းများအဘိဓါန်က အဓိပ္ပါယ်ပေးထားပုံမှာမူ ပြည်ပြည်ဝပ်ဝပ်လည်ချ ဖြစ်နိုင်လောက်အောင် တိကျမှုရှင်းလင်းပါသည်။

give way = အရှုံးပေးသည်၊ ကြံ့ကြေမခံနိုင်ဖြစ်သည်၊ ဓောက်ဆုတ်သည်၊

give ဟ ပေးသည်၊ way ဟ 'နည်းလမ်း၊လမ်း' ဖြစ်သည်။

ထိုကြောင့် give way = ''နည်းလမ်းပေးသည်'' ဟု၍ တစ်လုံးစီကောက်ယူ အနက်ဖွင့်လို့ မရပေ။

ယင်းကဲ့သို့ တစ်လုံးစီ ခွဲကောက်၍မရဘဲ အရအမေပ်ကပ်ကို ထူးခြားသော အနက်အဓိပ္ပါယ်ကို ဆောင်ခဲ့ရသော စကားအသုံးအနှုန်း ဖြစ်သော ကြောင့် ''အိဒီယံ'' တဲ့ ဖေါ်ခြင်း ဖြစ်သည်။

ဆက်လက်၍ in order to ကို စိတ်ကြည့်ကြပါဦးမည်။ စကားလုံး သုံးလုံးပါဝင်သော ဗျေရှင်အယ်ရီးအစား စကားစုပြတ်ကြား ရှေ့ရောက်ပြီးသည်။ တစ်ခါ ယင်းသုံးလုံးကို တစ်လုံးစီ အဓိပ္ပါယ်ကောက်လို့ ရသလားစဉ်ရမည်။ ဥပမာ in the room ဟသည် စကားစုမျိုးနှင့် တူသလား။ in က အထဲမှာ the room က အခန်း။ ပေါင်းလိုက်တော့ 'အခန်းထဲမှာ'။ ထိုကြောင့် in the room သည် သာမန် အသုံးအနှုန်းသာ ဖြစ်သည်။ အိဒီယံ မဟုတ်။

in order to မှာမူ in က 'အထဲမှာ'။ order က ''အမိန့်''၊ to က 'သို့' စသည်ဖြင့် ယူလို့မရ။ တစ်လုံးစီခွဲ၍ အနက်ကောက်လို့ မဖြစ်။

in order to = စေရန်၊ ဝိုင်ဘောဂှာ ဟူ၍ တစ်လုံးစီ ခွဲမရဘဲ တစ်တွဲလုံးအကောက်ယူမှ ဖြစ်သည့် ကျက်ထားမှသာ နားလည်နိုင်သော အသုံးအနှုန်းမျိုး ဖြစ်သည်။ ထိုကြောင့် ''အိဒီယံ'' တဲ့ ဆေါ်သည်။

တခန် run down ဆိုသည့် စကားစုကို လေ့လာကြည့်ကြပါဦးမည်။ အိဒီယံလား။ ဖိုးမိုး၊ အသုံးအနှုန်းလား။ ဒါကျနှစ်ကြောင်း၌ ရေးသားနုန်းနှိုးကြည့် ခြင်းအားဖြင့် စိတ်ကြည့်ပါမည်။

She likes to run down the stairs.

သူမသည် လှေကားပေါ်ဆင်းရတာကို နှစ်သက်သည်။

run က 'မြေးသည်'။ down က 'အောက်သို့'။

ထိုကြောင့် run down = အောက်သို့ မြေးသည်။ မြေးဆင်းသည်။ ထိုကြောင့် ယင်း run down သည် စကားလုံးတစ်လုံးစီမော်ရ် အနက်ထင်တတ် သော သာမန်အဓိပ္ပါယ်သာ ဆောင်သည့် ဖိုးမိုးစကားစုဖြစ်သည်။ အိဒီယံ မဟုတ်ပေ။

ယခု run down ကိုပင် တစ်မျိုးအုံးကြည့်ကြပါဦးစို့။

She likes to run down her friends.

သူမသည် သူမ၏ ဖိတ်ဆွေ သူငယ်ချင်းများကို အမနာပပြောရတာ နှစ်သက်သည်။ (ဒါ) ထိသနာပါသည်။

run down = အမနာပပြောသည်၊ အပြစ်ပြောသည်၊ ပကောင်းပြောသည်။

စာတတ်သူသည် အထက်ပါဝါကျမျိုးကို တွေ့ကြုံရသောအခါ၌ ဖော်ပြထားသကဲ့သို့ အဓိပ္ပါယ်အတိအကျ မသိစေဦးတော့ သုံးနှုန်းထားပုံကို ကြည့်ခြင်းအားဖြင့် 'run down' သည် 'မြေးဆင်းသည်' တဲ့ သာမန်အနက် မဆောင်ဘဲ အဓိပ္ပါယ်ထူးဆောင်ကြောင်းကိုပေ အကဲခတ် ဖိုင်စားနိုင်စေပေသည်။

တစ်နည်းမြားလျှင် 'ဖိုးမိုး' သုံးထားခြင်း မဟုတ်ဘဲ 'ဆန်းဆန်း' သုံးထားခြင်းမျိုးကြောင်း 'တိုတ်ရိတ်' အဓိပ္ပါယ်ဖြင့် မထုတ်ဘဲ 'ဆင့်ပွားခြင်း' (သွယ်ပိုက်) အဓိပ္ပါယ်ဖြင့် ဖြစ်ကြောင်း သဘောပေါက်နိုင်သည်။

၁။ Phrase ဆိုသည်မှာ Subject, Verb နှင့် Complete meaning (ကတ္တာ၊ ကြိယာ(ပဓိနှင့်ကြိယာ)နှင့် ပြည့်စုံစုံသော အဓိပ္ပါယ်)မရှိသည့် စကားစု။

ယင်းကဲ့သို့သော စကားအသုံးအနှုန်းမျိုးကို 'အိဒီယံ' တဲ့ ဆေါ်ခြင်းပင်တည်း။

ထိုကြောင့် run down ရင်းအတူတူ -

ပထမ ဒါကျက run down သည် 'အိဒီယံ' မဟုတ်။

ဒုတိယ ဒါကျက run down သည် 'အိဒီယံ' ဖြစ်သည်။

ဤနှုတိုကျမ် အိဒီယံဟူသည်ကို ဂယနက ပိုပိုမိုမိုနိုင် သဘောပေါက်လောက်မြို့ ထင်ပါသည်။

(၂)

အင်္ဂလိပ်စာလေ့လာနည်း

ဤအိဒီယံ စာအုပ်တွင် မြန်မာပြည်၌ ထွက်ပြီးသမျှ အခြားသော အိဒီယံ စာအုပ်များကဲ့သို့ အဓိပ္ပါယ်ကို သာမန်သိရုံ မြန်မာဘာသာခြင်း ဝေါ်ပြ ထားသည်မဟုတ်ပါ။

စာတတ်သူများ ယှင့်တွဲလေ့လာ၍ ပညာတိုးပွား အကျိုးများနိုင်စေရန်

- အိဒီယံတို့ ဖြစ်ပေါ်လာပုံတစ်မြစ်
- အိဒီယံတစ်ရုံချင်း၏ အနက်အဓိပ္ပါယ် အသေးစိတ်
- ရှင်းလင်းသုံးနှုန်းပြထားသော ဥပမာ ဒါကျများကိုတို့

အစီယံ-မြန်မာ နှစ်ဘာသာခြင်း ဝေါ်ထားပါသည်။

တိုင်းခြားဘာသာ စာပေတစ်ရပ်တို့ လေ့လာတတ်မြောက်ရန်မှာ ယင်းပင်ရင်းဇာတိ လက်ဗွမ်းမီသမျှ များများ ထက်ရယူပင် ဖြစ်သည်။ မြန်မာနှင့် အင်္ဂလန်သည် ဝေးမြေယာတီဝင်းအနေထား ဝေးကွာလွန်းလှသည့် အခြင် ဘာသာအယူဇီး၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံ၊ ဗိုးရာအင့်အလာများ ခြားနားလှသည်နှင့်အမျှ စာပေ နှစ်ရပ်မှာလည်းတစ်ရုနှင့် တစ်ရ စပ်၍ တပ်၍ ရေအောင် ခြားနားလွန်းလှပေသည်။ မြင်ယယ် ချောင်းယယ် အများအကြား ဗီးဝင်အာယော သာ ပြစ်ကြီးတစ်ရပေမာ အင်္ဂလိပ်စာပေသည် ဥရောပစာပေ ဘာသာရပ်များမှာ ရေနောအပေါ်ဆုံးရာ ဖြစ်ပြန်သည့် အားလျော်စွာ ပရိယာယ် ဝေရမ်များ၊ တန်ဆာဆင်မှုများ၊ အလှည့်အပတ်များ။ ဥပမာ ဥပစာတင်စားမှုများ ကော်မပြိုင်အောင် ပေါ်များ ကြွယ်ဝလွန်းလှပါသည်။ ယင်းတို့နှင့် ရင်းနှီးလာရန်မှာ အင်္ဂလိပ်စာများများ ဖတ်၊ မှတ်၊ ရန်မှတစ်ပါး အခြားနည်းလမ်း မရှိပေ။

ထိုကြောင့် ကျွန်တော်သည် လေ့လာသူများ အင်္ဂလိပ်စာဖတ်ဝေ လိုသော ဝေါဟာရခြင်း အင်္ဂလိပ် အဓိပ္ပါယ်ဖွင့်ဆိုချက်များ၊ ရှင်းလင်းချက်များကိုပါ အသားပေး ဝေါ်ထားခြင်း ဖြစ်ပါသည်။

လေ့လာသူသည် ပထမ၌ မြန်မာလိုအဓိပ္ပါယ်ဖွင့်ဆိုချက်များ ရှင်းလင်း ချက်များကို မတတ်မနှိုင်း။

အင်္ဂလိပ် အဓိပ္ပါယ်ဖွင့်ဆိုချက်များ ရှင်းလင်းချက်များကို စိတ်ရှည် ရှည်ထား၍ ကြိုးစားပမ်းစား ဝေါ်ရှုပြီး မည်သည့် အတိုင်းအတာအထိ ဖိအိများလည် သဘောပေါက်သလဲ စစ်ဆေးကြည့်ရမည်ဖြင့် ယင်းနောက် တွေ့မှ သက်ဆိုင်ရာ မြန်မာလို ရေးသားဝေါ်ပြချက်နှင့် နှိုင်းယှဉ် တိုက်ဆိုင် ကြည့်သင့်သည်။

ထိုအခါ၌ ဖိအိစေ၏ ဖိုးမိုးပေါ်ကောက်ယူမှု မှန်သည်အချက်များ။ လွဲချော် သွားသည့် အချက်များကို လေ့လာသူ လက်တွေ့သိလာပါလိမ့်မည်။ ထယ်ဒီးချက်နှာခန့်ရောက်အောင် ဤသို့ဖွဲ့ထားကောင်းခြင်း တရိုက်မတ်တတ် လေ့လာဖိသောအစီဦ ဖိအ၏ အရည်အချင်း မှာပါ၏ထင်ထင် တိုးတက်လာမည်ဖြစ်သည့်အပြင် ဘာသာမြန် သဘောကိုပါ ရိုင်စားဖိလာပါလိမ့် မည်။

(၃)

ဤစာအုပ်၌ စိစဉ်တင်ပြထားပုံ

ဤစာအုပ်ကို တစ်ပြိုင်၊ တစ်ရှက်စီ ဖတ်မှတ်လေ့လာသွား၍ ရရှိသမျှကဲ့သို့ အတိအကျနေသော ကိုးကားစာအုပ်အဖြစ် အသုံးချ၍လည်း ရပါသည်။ စာတတ်သူသည် အခြားသော စာအုပ် (သို့မဟုတ်) စာနယ်ဇင်း တစ်ခုခု ထဲတွင် ...

above -board တူသည့် အိဒီယံအဖြစ် သုံးထားသည်တို့ ယူဆရသော စကားစုတစ်ရပ်ကို တွေ့ရပြီ ဆိုကြပါစို့။ ယင်း၏ အဓိပ္ပါယ်အသုံး အနှုန်းကို သိလိုလျှင် above ဆေါ်ခေါ်ခဲ့ အောက်၌ သော်လည်းကောင်း board ဆေါ်ခေါ်ခဲ့အောက်၌ သော်လည်းကောင်း ကြည့်ရှုလည်ခြင်းပေါ်ပေသည်။ များသော အားဖြင့် ပိုဂ္ဂ အဓိကဣသည် စကားလုံး၏ အောက်၌ ထားလေ့ရှိသည်။ သို့မဟုတ် အလှည့်သင့်သလိုလည်း ထားတတ်ပါသည်။

ဤစာအုပ်၌ above ဆေါ်ခေါ်ခဲ့အောက်တွင် ထည့်သွင်းဖော်ပြထား သည်။ A အကျေရာ အမှတ်(၇)၌ ဆေါ်ယူခဲ့ကားနေ့ရှိသော above ၏အောက်တွင် ABOVE ALL နှင့် ABOVE -BOARD နှစ်ရပ်ရှိရာ ဖိအိလိုသော ABOVE-BOARD နှင့် ယှင့်တွဲဖော်ပြထားသော အနက် အဓိပ္ပါယ်နှင့် ဥပမာတို့ကို ဖတ်ရှုလေ့လာရပေသည် ဖြစ်သည်။ ထိုအခါတွင် ဖိအိသိလိုသော ABOVE-BOARD ကို အဓိပ္ပါယ်နှင့် ဥပ်ပုံ သုံးပုံ သုံးနည်း၊ ပါ သိလာမည်။ စာလုံးကြီးနှင့်ဖော်ပြထားသော ABOVE -BOARD က အိဒီယံ ဖြစ်၍ ယင်းနှင့်ယှင့်တွဲခဲ့နေသော Honest and unconcealed က အင်္ဂလိပ်အဓိပ္ပါယ်ဖြစ်ပြီး၊ အောက်၌ ဖော်ပြထားသည့် 'ရိုးသားပွင့်လင်းသော၊ ဇုံးကွယ် လျှို့ဝှက်မှုကင်းသော' က မြန်မာအဓိပ္ပါယ် ဖြစ်သည်။

အချို့သော ဆေါ်ပုံ (ဒါ)ဆေါ်ပုံ၏ အောက်မှာ အသုံးအနှုန်း တစ်ခု တည်းသာ ရှိသည်။ ဥပမာ – A အကျေရာအမှတ် (၃)၌ရှိသော Abide ဖြစ်သည်။ ယင်းမှာ ABIDE By or WITH ဖြစ်သည်။ ABIDE BY သို့မဟုတ် ABIDE WITH တဲ့ သုံးနှုန်းမိုင်သည်တည် ဆိုလိုသည်။ ဝိဘတ်နှစ်ရလုံးသုံးရန် မဟုတ်၊ ကြိုက်ရာတစ်လုံးနှင့်သာ သုံးရပည်။

အချို့သော ဆေါ်ပုံ၊ အောက်၌ကား အသုံးအနှုန်းများ၊ အသုံးအနှုန်းများ ခြားနားသောအားဖြင့် နှစ်ရပ် သုံးစုမှ ပြောက်ရခန့် ရှိတတ်သည်။ ဥပမာအဖြစ် A အကျေရာ အမှတ် (ဝ)ရှိ Account ဆေါ်ပုံ၏အောက်တွင် ကြည့်လျှင် အသုံးအနှုန်း (၁၂)ရအထိ ရှိကြောင်း တွေ့ ပြင်ခိုင်သည်။

ဤစာအုပ်သည် အင်္ဂလန်ပြည်ဆောက်ဝရိုဝ့ကျွှသိုလ် ပုံမှိပ်တိုက်မှ မိုက်ခိုမ်ထုတ်ဝေသော A Concise Dictionary of English Idioms by Michael Freeman ကို မြန်မာများနှင့်မလျော်သော စကြောင်း အနည်းငယ်တို့ ပြုတ်ပယ်သည်မှ တစ်ပါး တိုက်မိုက် မြန်မာပြန်ထိုထားခြင်း ဖြစ်ပါသည်။ မြန်မာပြန်ရာတွင် ကျွန်တော်၏ အရင့်အလာအတိုင်း ပြန်ခိုင်သမျှ တိကျအောင် ကြိုးစားထားသည့်အပြင် အင်္ဂလိပ်စာလေ့လာသူများနှင့် ကျောင်းသူ၊ ကျောင်းသားများ အတွက် ရည်ရွယ်သည့်အလျောက် အလွယ်ဆုံး အရှင်းဆုံးနည်းခြင့် မြန်ဆိုထားပါသည်။

အိဒီယံတို့၏ အင်္ဂလိပ်လို အဓိပ္ပါယ်ဖွင့်ဆိုချက်များကို ပြုတ်ပယ်လျက် ယင်းတို့ခေတ်ရှိ မြန်မာအဓိပ္ပါယ်မှသာ ထည့်၍ အင်္ဂလိပ်အပည်များကိုလည်း ထွန်းထွန်း သိတာ၊ သူစာ စသည်ဖြင့် မြောင်ခ၍ ပြင်ပြင်ပြန်ဆိုလျှင် ကျွန်တော့် အတွက် အတိုင်းမသိ ပိုပိုလွယ်ကူရိုးသာမက တာဝန်လည်း အလွန်တာရှည် ပေါ်ပါးသွားမည် ဖြစ်သည်။

သို့သော် ထိုသို့ ပြုလုပ်ပါက စာတတ်သူများအနေဖြင့် အင်္ဂလိပ်စာပေ ပညာရှင်များ ကိုယ်တိုင် အဓိပ္ပါယ်ပေး ရေးသားဖွင့်ဆိုသော 'အင်္ဂလိပ်ရေးသည့် အင်္ဂလိပ်စာ' ကို ဖတ်၊ မှတ်၊ လေ့လာခွင့် ရတော့မည် မဟုတ်ပေ။ ထိုကြောင့် စာတတ်သူများအား၊ အင်္ဂလိပ်လိုပါ မြည်းစမ်းဖတ်ရှုကြည့်ရလေ့ရှိသော စေတနာကို ရင်ထဲယိုတ်လျက် ဝိုင် ပင်ယန်ခြင်း၊ တာဝန်ကြီးလေးခြင်းတို့ကို ကြောက်ရွံ့ရောက်တွန့်မနေပဲ မှုရင်းအတိုင်း တိုက်ဖိုက်မြန်ဆို တည်ဖြိုက်ခြင်း ဖြစ်ပါသည်။

ဤစာအုပ်ထဲတွင် အောက်ပါအတိုကောက်သင်္ကေတများကို အသုံးပြု ထားပါသည်။

Lit.	=	Literal
မူလ	=	တစ်လုံးစီကောက်ယူထားသော မူလအတိအကျအဓိပ္ပါယ်
Or.	=	Origin
မူရင်း	=	မူရင်းဝစ်မြစ်
Met.	=	Metaphor
ဥပစာ	=	ဥပစာတင်စားသုံးနှုန်းထားသော အဓိပ္ပါယ်
S.	=	Slang (ဘန်းစကား)

အချို့သော အနက်ဖွင့်ဆိုချက် အဝဲ့ ပါရှိသည့် ဤကဲ့သို့သော ★(ကြယ်ပွင့်)အသုံး 'တိုတ်ရိတ်တင်လုံးချင်း အဓိပ္ပါယ်ခြင်း မြန်မာမြန်ဆို ဖော်ပြထားခြင်း' တဲ့ ဆိုလိုပါသည်။

ဖြစ်နိုင်သမျှ ကောင်းမွန်အောင် အဓွန်းကုန် ကြိုးစားအားထုတ် ထားသော်လည်း ပမာဒလေ၍ဖြစ်ပေ၊ ဥာဏ်မမှီ၍ ဖြစ်ပေ၊ တိမ်းယိမ်းသွားသည့် အချက်များ၊ ပါရှိကောင်း ပါရှိနိုင်ပါသည်။ ယင်းသို့ ချွတ်ချော်မှုများကို စာတတ်သူ တို့ တွေ့ရှိထောက်မြ မြေပြင်ပည်ဆိုပါ၏လျှင် ဝန်းမြောက်ဝန်းသာ ခံယူမည် ဖြစ်ပြီး ရောင်အလျှင်းသင့်၍ ဒုတိယအကြိမ်ရိုက်နှိပ်ခွင့်ကြုံသောအခါ တည်းဖြတ်ပြင်ဆင်မည် ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

ဦးမြင့်

****